# ပြည်ထောင်စု သဘောတူစာချုပ်

# ပြည်ထောင်စုသဘောတူစာချုပ်

## အစိတ်အပိုင်း(၁)

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှုမပြိုကွဲရေးနှင့် အချုပ် အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကိုရှေ့ရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့် အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးအား နေပြည်တော်၌ ၂၀၁၇ ခုနှစ် မေလ (၂၄) မှ (၂၉) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) က အဆိုပြုတင်သွင်းလာသော မူဝါဒအဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ပြီးရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူလက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၁)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်း အားလုံးကိုစုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၁)မှာ-

- နိုင်ငံရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၂)ချက်၊
- စီးပွားရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၁၁)ချက်၊
- လူမှုရေးကဏ္ဍ မူဝါဒသဘောတူညီချက် (၄)ချက်၊
- မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ မူဝါဒသဘောတူညီချက်(၁၀)ချက်၊ စုစုပေါင်း (၃၇) ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)(ခ)(ဂ)(ဃ) ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါသဘောတူညီချက်များကိုတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်အပိုဒ် ၂၀ (င) အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၁)အဖြစ်ဤပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ – (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

**ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁)၏ စာမျက်နှာ(၂)**

**၁။ ဒေါက်တာတင်မျိုးဝင်း** ----------------------------

**အစိုးရအစုအဖွဲ့ကိုယ်စားလှယ်**

**၂။ ဦးထွန်းထွန်းဟိန်** ----------------------------

**လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်**

**၃။ ဒုတိယဗိုလ်ချုပ်ကြီးတင်မောင်ဝင်း** ----------------------------

**တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်**

**၄။ ပဒိုစောကွယ်ထူးဝင်း** ----------------------------

**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ**
**အစုအဖွဲ့ကိုယ်စားလှယ်**

**၅။ ဦးသုဝေ** ----------------------------

**နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်**

# ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၁)၏ စာမျက်နှာ(၃)

## အသိသက်သေများ

(ဦးထုံဖူးဒဂုဏ်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(သီက္ခာတော်ရဆရာတော်တလွန်ကျဲအို)
ပါဝင်သင်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ခွန်သန်းမြင့်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးထွန်းအောင်ကျော်)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(မိုင်းထွန်းမြိုင်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

**နောက်ဆက်တွဲ(က)**

## နိုင်ငံရေးကဏ္ဍမူဝါဒ သဘောတူညီချက်
## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)
## ဖက်ဒရယ်စနစ်တွင် အခြေခံရမည့်မူများ

၁။ **အချုပ်အခြာအာဏာ။** နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး ပြည်ထောင်စုတစ်ဝန်းလုံး၌ တည်သည်။

၂။ **အချုပ်အခြာအာဏာကျင့်သုံးမှု။** နိုင်ငံ တော်အချုပ်အခြာအာဏာ၏ မဏ္ဍိုင်(၃) ရပ်ဖြစ်သည့် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ပိုင်းခြားကျင့်သုံးခြင်းနှင့် အချင်းချင်းအပြန် အလှန်ထိန်းကျောင်းခြင်းတို့ ပြုရမည်။

၃။ **တန်းတူရေး။** တိုင်းရင်းသားလူမျိုးတိုင်းသည် နိုင်ငံရေးအရဖြစ်စေ၊ လူမျိုးရေးအရဖြစ်စေ၊ တန်းတူရည်တူ အခွင့်အရေးရှိရမည့်အပြင် ဘာသာစကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုနှင့် ဓလေ့ ထုံးတမ်းများကို ထိန်းသိမ်းကာကွယ်မြှင့်တင်ခွင့်ရှိရမည်။

### ၄။ ဖက်ဒရယ်ပြည်ထောင်စုမူ(ဖွဲ့စည်းမှုနှင့် အာဏာခွဲဝေမှု)

- နိုင်ငံတော်ကို ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။
- ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုကို တိုင်းဒေသကြီး/ ပြည်နယ်များဖြင့် ဖွဲ့စည်းရမည်။
- **မှတ်ချက်**။ တိုင်းဒေသကြီး/ပြည်နယ်များသည် အခွင့်အာဏာတန်းတူရှိရမည်။ အမည် နာမ သတ်မှတ်ချက်နှင့် ပတ်သက်၍ နောင်တွင် ဆက်လက်ဆွေးနွေးမည်။
- ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို တိုင်းရင်းသား လူမျိုးများ၏ အမည်ဖြင့် ဖွဲ့စည်းရမည်။
- နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာ(၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများသို့ ခွဲဝေအပ်နှင်းမည်။ ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ များအကြား ဥပဒေပြုရေးဆိုင်ရာ အာဏာများနှင့်ပူးတွဲအာဏာများကို နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။
- တိုင်းဒေသကြီး/ပြည်နယ်များကို ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာနှင့် တရား စီရင်ရေးအာဏာ တည်းဟူသော အာဏာ(၃)ရပ်စလုံးကို အပ်နှင်းစေရမည်။ ဥပဒေပြုရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်၊ အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးနိုင်ရေးအတွက် တိုင်း

ဒေသကြီး/ ပြည်နယ်အစိုးရနှင့် တရားစီရင်ရေးအာဏာကို ပြည်ထောင်စုဖွဲ့စည်းပုံအခြေခံဥပဒေ က အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်များနှင့်အညီ လွတ်လပ်စွာကျင့်သုံးနိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ် တရားလွှတ်တော်ချုပ်တို့ကို ထူထောင်ခွင့်ရှိစေရမည်။

- ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများသည် ကောက်ခံရရှိထား သော အခွန်ငွေများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အရင်းအမြစ်များကို ဥပဒေနှင့်အညီ မျှဝေခံစားခွင့် ရှိစေရမည်။
- ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အကြားတွင်သော်လည်းကောင်း၊ တိုင်း ဒေသကြီး/ပြည်နယ် အချင်းချင်းအကြားတွင်သော်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ အငြင်းပွားမှုများကိုဖြေရှင်း ရန်အတွက် သီးခြားလွတ်လပ်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးကို တည်ထောင်ထား ရှိရမည်။

၅။ **ပါတီစုံဒီမိုကရေစီစနစ်**

- ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရမည်။
- လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲများကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက် များနှင့်အညီ ကျင်းပရမည်။

**နောက်ဆက်တွဲ(ခ)**

## စီးပွားရေးကဏ္ဍမူဝါဒ သဘောတူညီချက်

## (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

## ဖက်ဒရယ်စနစ် စီးပွားရေးဆိုင်ရာအခြေခံမူများ

၁။ **ဈေးကွက်စီးပွားရေးစနစ်ကို ပီပြင်စွာ ဖော်ဆောင်ရေး**

- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများက ခိုင်မာသည့် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲပြဋ္ဌာန်းရန်။
- **မှတ်ချက်**။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့များက မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲပြဋ္ဌာန်းနိုင်သည့်ဥပဒေများ ပေါ်ပေါက်လာ ပါက ဆောင်ရွက်ရန် ဖြစ်သည်။
- အဆိုပါမူဝါဒနှင့် ဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ပုဂ္ဂလိကစီးပွားရေးကဏ္ဍကို မြှင့်တင်ဖော်ဆောင်ရာတွင် လူနေမှုအဆင့်အတန်း မြင့်မားရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုစီးပွားဖွံ့ဖြိုးမှု ကွာဟချက်များ လျှော့ချနိုင်ရေးနှင့် ရေရှည်တည်တံ့ သော ဖွံ့ဖြိုးတိုးတက်ရေး (Sustainable Development) တို့ကို ဦးတည် ဆောင်ရွက်ရန်။

• ပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေမည့် စီးပွားရေးလုပ်ဆောင်မှုများကို ဥပဒေနှင့်အညီ တားဆီးကာကွယ်ရန်။

၂။ လူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ အစုအဖွဲ့တစ်ခုကဖြစ်စေ စီးပွားရေးလက်ဝါးကြီး အုပ် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၃။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသ အသီးသီးတို့တွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် တန်းတူညီမျှသောအခွင့် အလမ်းများရရှိရေး ထိရောက်စွာဆောင်ရွက်ရန်။

၄။ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရများအကြား ဘဏ္ဍာငွေနှင့် အခွန်ငွေများကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ မျှတစွာခွဲဝေရန်။

၅။ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ ဦးစီးအဖွဲ့များအကြား စီးပွား ရေးဆိုင်ရာစီမံခန့်ခွဲပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ မျှတစွာ ခွဲဝေရန်။

၆။ နိုင်ငံတော်၏ ကာလတို၊ ကာလလတ်၊ ကာလရှည် စီးပွားရေးစီမံကိန်းများကို ပွင့်လင်း မြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစွာဖြင့် ချမှတ်ဆောင်ရွက်ရန်။

**ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံမူများ**

၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည် နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ များအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာ ဘက်စုံ ဖွံ့ဖြိုးရေး စီမံကိန်းများ (Regional Comprehensive Development Plans) ရေးဆွဲ အကောင်အထည်ဖော် ရန်။

**မှတ်ချက်။** ပြည်ထောင်စုအစိုးရကချမှတ်သောမူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။

၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော် သင့်မြတ်သည့်ဆွဲဆောင်မှုရှိသော အစီအစဉ်များရေးဆွဲချမှတ် အကောင်အထည်ဖော်ရန်။

နောက်ဆက်တွဲ(ဂ)

## လူမှုရေးကဏ္ဍမူဝါဒ သဘောတူညီချက် (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့် လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများကို ခွဲခြားဆက်ဆံမှုမရှိစေဘဲ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီလူ့အခွင့် အရေးကို လေးစားလိုက်နာပြီး ရေရှည်ရှင်သန်ရပ်တည်နိုင်ရေး(Durable Solution) ကို ဦးတည်၍ စနစ်တကျ အစီအစဉ်များချမှတ်လုပ်ဆောင်ရန်။

၂။ လက်နက်ကိုင် ပဋိပက္ခများကြောင့်လည်းကောင်း၊ လူတို့၏ ပြုမူဆောင်ရွက်မှုနှင့် သဘာဝဘေးအန္တရာယ်များကြောင့်လည်းကောင်း ဒုက္ခသည်များနှင့် ပြည်တွင်းနေရပ်စွန့်ခွာရသူများသည် မိမိနေရပ်နှင့် မိမိသွားရောက်လိုရာ အခြားဒေသသို့ လူ့ဂုဏ် သိက္ခာနှင့်အညီ ဘေးကင်းလုံခြုံစွာ အခြေချ နေထိုင်နိုင်ရန်။

၃။ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခြေခံ ရပိုင်ခွင့်နှင့် အခွင့်အရေးများကို လူမျိုးရေး၊ ဘာသာရေး၊ ဆင်းရဲ၊ ချမ်းသာ စသည်ဖြင့် ခွဲခြားမှုမရှိဘဲ ထိရောက်စွာ ကာကွယ်စောင့်ရှောက်ရန်နှင့် လူမှုဘဝမြှင့်တင်မှုကို ဆောင်ရွက်ရန်။

၄။ မူးယစ်ဆေးဝါးဆိုင်ရာ ကိစ္စရပ်များကို အမျိုးသားရေးပြဿနာ၊ နိုင်ငံရေး၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးပြဿနာအဖြစ်သတ်မှတ်၍ ထိရောက်စွာ တားဆီးကာကွယ်၊ တိုက်ဖျက်နိုင်ရေး အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ် စီမံချက်ချမှတ်ဆောင်ရွက်ရန်။

၁။ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးနှင့်လူမှုစီးပွားဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည် နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ များအကြား ညှိနှိုင်းပူးပေါင်း၍ ဒေသဆိုင်ရာ ဘက်စုံဖွံ့ဖြိုးရေး စီမံကိန်းများ (Regional Comprehensive Development Plans) ရေးဆွဲ အကောင်အထည်ဖော်ရန်။

**မှတ်ချက်။** ပြည်ထောင်စုအစိုးရကချမှတ်သောမူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့် သော်လည်း ကောင်း မဆန့်ကျင်စေဘဲ ဆောင်ရွက်ရန်။

၂။ တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ပြည်တွင်းနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမြှင့်တင်ရေးအတွက် ဥပဒေများနှင့်အညီ ဆီလျော်သင့်မြတ်သည့်ဆွဲဆောင်မှုရှိသော အစီအစဉ်များရေးဆွဲချမှတ် အကောင်အထည်ဖော်ရန်။

## မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍမူဝါဒ သဘောတူညီချက် (၂၀၁၇ ခုနှစ်၊ မေလ ၂၉ ရက်)

၁။ နိုင်ငံလုံးဆိုင်ရာ ဘက်ညီမျှတသည့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေသည့် ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးတိုးတက်မှု မြေယာမူဝါဒဖြစ်စေရန်။

၂။ သင့်တော်မျှတ၍ တရားနည်းလမ်းကျမှုကို အခြေခံစေရန်။

၃။ ဗဟိုထိန်းချုပ်မှု လျှော့ချသည့် မူဝါဒများ ဖြစ်စေရန်။

၄။ မြေယာမူဝါဒရေးဆွဲရာတွင် လူ့အခွင့်အရေးစံနှုန်းများ၊ နိုင်ငံတကာစံနှုန်းများ၊ ဒီမိုကရေစီနှင့်ဖက်ဒရယ်စံနှုန်း များကို ထည့်သွင်းစဉ်းစားရေးဆွဲရန်။

၅။ မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် ရှင်းလင်းသည့်မူဝါဒများ ဖြစ်စေရန်။

၆။ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများချမှတ် ဆောင် ရွက်ရာတွင် ဒေသခံများ၏ လိုလား ချက်များကို ဦးစားပေး၍ တောင်သူ လယ်သမားများ၏ အဓိက လိုအပ် ချက်များကို ဖြည့်ဆည်းပေးရန်။

### ပိုင်ဆိုင်ခွင့်

၇။ နိုင်ငံသားတိုင်းသည်မြေယာဥပဒေနှင့် အညီ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသည်။ အမျိုးသမီးနှင့်အမျိုး သား တန်းတူညီမျှမှု ရှိရမည်။

### စီမံခန့်ခွဲခွင့်

၈။ မြေယာပိုင်ဆိုင်ခြင်းဆိုင်ရာစီမံခန့်ခွဲမှုပြုရာတွင် ဥပဒေနှင့်အညီ အမျိုးသမီးနှင့် အမျိုးသားအခွင့်အရေး တန်းတူညီမျှမှုရှိစေရန်။

၉။ လုပ်ပိုင်ခွင့်ချထားပေးသောမြေယာကို မူလရည်ရွယ်ချက်အတိုင်း သတ်မှတ်ကာလအတွင်း လုပ်ကိုင်နိုင်ခြင်းမရှိလျှင် နိုင်ငံတော်ကပြန်လည်ရယူရန်နှင့် အမှန်တကယ်လုပ်ကိုင်လိုသူများအား ပြန်လည်ချထားပေးရေး ဆောင်ရွက်စေရန်။

## အကာအကွယ်ပြုရေးဆိုင်ရာ အစီအမံများ

၁၀။ လူမှုရေး၊ ယဉ်ကျေးမှု၊ သမိုင်းဝင် အမွေအနှစ်နှင့် တိုင်းရင်းသားလူမျိုးများ အထွဋ်အမြတ် ထားသော မြေများ ထိခိုက်ပျက်စီးမှုများမရှိစေရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်ရန်။

**မှီငြမ်းကိုးကား။** ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံမှ ဆုံးဖြတ်ချက်

# ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှုမပြိုကွဲရေးနှင့် အချုပ် အခြာ အာဏာတည်တံ့ခိုင်မြဲရေး တို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင် လုံစိတ်ဓာတ်နှင့် အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် တို့ကိုအခြေခံသည့်ပြည်ထောင်စု ကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေး အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံ တတိယ အစည်းအဝေးအား နေပြည်တော်၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၁) မှ (၁၆) ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က အဆိုပြုတင် သွင်းလာသော အခြေခံမူ အဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာသောအဆိုပြုချက်များကို ပြည်ထောင်စုသဘော တူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘော တူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင်သဘောတူလက်မှတ်ရေးထိုးသော ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း (၂)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘော တူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂)မှာ-

- နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၄)ချက်၊
- လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၇)ချက်၊
- စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၁)ချက်၊

• မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူသဘောတူညီချက် (၂)ချက်၊ စုစုပေါင်း (၁၄) ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)(ခ)(ဂ)(ဃ) ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ် အပိုဒ် ၂၀ (င) အရ ပြည်ထောင်စုသဘောတူစာချုပ် အစိတ် အပိုင်း(၂)အဖြစ် ဤပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယ အစည်းအဝေးတွင် အစုအဖွဲ့ အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။

<u>ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)</u>၏ စာမျက်နှာ(၂)

၁။ ဒေါက်တာတင်မျိုးဝင်း -----------------------------

အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဦးအောင်စိုး -----------------------------

လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဗိုလ်ချုပ်စန်းမြင့် -----------------------------

တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ဒေါက်တာလျန်မှုန်းဆာခေါင်း -----------------------------

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ -----------------------------

နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်

အသိသက်သေများ

(ဦးထုံဖူးဒဂုဏ်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(နန်းစေအွာ)
တိုင်းရင်းသားကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးလှကျော်အောင်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(နန်းခမ်းအို)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(တာမြင့်ကျော်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

နောက်ဆက်တွဲ(က)

## နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်
## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)
## ကျား/မဆိုင်ရာ တန်းတူညီမျှမှု

၁။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကိုတည်ဆောက် ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ မည်သည့်နိုင်ငံသားကိုမျှ ကျား/မဆိုင်ရာ လိင်ကွဲပြားမှု ကိုအခြေခံသော ခွဲခြားဆက်ဆံခြင်းမရှိစေရေးနှင့် တန်းတူညီမျှမှုရှိစေရေးအတွက် မူဝါဒချမှတ် ရမည်။

၂။ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး (၃၀)ရာခိုင်နှုန်းပါဝင်ရေးကို အား ပေးရန်။

၃။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကိုတည်ဆောက် ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကျား/မရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့်မူဝါဒများကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၄။ ကျား/မဆိုင်ရာ တန်းတူညီမျှမှုကို အထောက် အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင် ရည်ကို မြှင့်တင်ပေးရမည်။

နောက်ဆက်တွဲ(ခ)

## စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်
## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

တိုင်းဒေသကြီး/ပြည်နယ်အစိုးရများသည် မိမိတို့တိုင်းဒေသကြီး/ ပြည်နယ်များအတွင်းရှိ အများ ပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေးအကောင်အထည် ဖော်လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့်စီမံကိန်းများကို ရေးဆွဲချမှတ်ဖော်ဆောင်ခွင့်ရှိရမည်။ ထိုသို့ ရေးဆွဲရာတွင် ပြည်ထောင်စု စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့်စီမံကိန်းများကို သဟဇာတ ဖြစ်စေရေးနှင့် ဆက်စပ်သောအခြားတိုင်းဒေသကြီး/ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှု မရှိစေရေး ထည့် သွင်းစဉ်းစားရန်။

နောက်ဆက်တွဲ(၈)

# လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်

# (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

၁။ ပြန်လည်နေရာချထားရေး၊ ပြန်လည် ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက် ချသည့်အဆင့်တိုင်းနှင့် အကောင်အထည်ဖော်မှုအဆင့်တိုင်းတွင် အမျိုးသမီးများအနည်းဆုံး (၃၀) ရာခိုင်နှုန်းပါဝင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရန်။

၂။ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံးအကျုံးဝင် ပညာရေးစနစ်ဖော်ဆောင်ရန်။

၃။ လူတိုင်း လက်လှမ်းမီလွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) စနစ်ကို ဖော်ဆောင်ရန်။

၄။ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ အပါအဝင် အမျိုးသမီးများဆိုင်ရာ အခွင့် အရေးများအတွက် ဥပဒေများပြဋ္ဌာန်းပေးရန်။

၅။ လူမှုဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရာတွင် လူမှုသဟဇာတ (Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်။

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအလွဲသုံးမှုဆိုင်ရာ အန္တရာယ် လျှော့ချရေး (Harm Reduction)၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးအတွက် ထိရောက်သော မူဝါဒများ ချမှတ် ဆောင်ရွက်ရန်။

၇။ ကလေးသူငယ် အခွင့်အရေးရရှိရန်နှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေးအတွက် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေး သူငယ်များအတွက် ကြီးလေး သောချိုးဖောက်မှု(၆)ချက် (Six Grave Violations)ပပျောက်ရေးကိုဦးတည်၍ စီမံချက် ချမှတ် ဆောင်ရွက်ရန်။

## မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူ သဘောတူညီချက်
## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)
## အကာအကွယ်ပြုရေးဆိုင်ရာအစီအမံများ

၁။ နိုင်ငံအတွင်းရှိ မြေယာများကို နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြား သားနှင့် တရားမဝင် နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်ခွင့် မရှိစေရ။

၂။ မြေယာကိုအသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း နှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင် ပြုလုပ်ရမည်။

**မှီငြမ်းကိုးကား။** ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ ဆုံးဖြတ်ချက်

# ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)

Post author:

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးမှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှုတန်းတူ ညီမျှမှုနှင့်တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ် ဓါတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသား တန်းတူ ရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေး အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးအား နေပြည်တော် ၌ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ(၁၉) ရက်မှ (၂၁) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (Union Peace Dialogue Joint Committee – UPDJC)က အဆိုပြု တင်သွင်းလာသောအဆိုပြုချက်များအပေါ် ညှိနှိုင်းဆွေးနွေးပြီး ရရှိလာသည့် အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ် အပိုင်း (၃)တွင် အောက်ပါ အတိုင်းသဘောတူညီချက် (၂၀)ချက်နှင့် ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်နှင့် အဆင့်လိုက်အကောင် အထည်ဖော်မှုများကိုရရှိခဲ့ပါသည်-

- အပိုင်း(၁)၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) အကောင်အထည်ဖော်မှု ဆိုင်ရာ မူဘောင်သဘောတူညီချက် (၁၅)ချက် (နောက်ဆက်တွဲ-က)
- အပိုင်း(၂)၊ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှု များ(ဇယား-၁) (နောက်ဆက်တွဲ-ခ)
- အပိုင်း(၃)၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူသဘောတူညီချက် (၅)ချက် (နောက်ဆက်တွဲ-ဂ)

၄။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်အပိုဒ် ၂၀ (င) အရ ပြည်ထောင်စု သဘောတူစာချုပ်အစိတ် အပိုင်း(၃)အဖြစ် ဤပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ- (၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိ သက်သေများက လက်မှတ်ရေးထိုးကြပါသည်။

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)၏ စာမျက်နှာ(၂)

၁။ ဒေါက်တာ တင်မျိုးဝင်း ----------------------------

အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဒေါက်တာ မေဝင်းမြင့် ----------------------------

လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း ----------------------------

တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ဒေါက်တာ လျန်မှုန်းဆာခေါင်း ----------------------------

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ

အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ ----------------------------

နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်

ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၃)၏ စာမျက်နှာ(၃)

အသိသက်သေများ

(ဦးထုံဖူးဒဂုဏ်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ကျာရှာမွေ)
တိုင်းရင်းသားကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဒေါ်ခင်မမျိုး)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးဇီခန်ရစ်)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(နန်းအေးအေးသွယ်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၏ နောက်ဆက်တွဲ(က)

## အပိုင်း(၁)

## တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်

## (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်)

- ပြည်ထောင်စုသဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ်၏ မူလ သဘောတူညီချက်များ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ အခြေခံမူများ၊ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် သွေဖည်မှု မရှိစေရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် NCA-S EAO တို့မှ တာဝန်ခံမှု၊ တာဝန်ယူမှုရှိရှိဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ရေးဆိုင်ရာ ယန္တရား တစ်ရပ်ကို နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုဖြင့် ဖွဲ့စည်းဆောင်ရွက်သွားရန်။
- ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ် တို့ကိုအခြေခံသော ပြည်ထောင်စုတွင် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း (NCA အပိုဒ် ၃၀ နှင့်အညီ) ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်အတွက် ယန္တရား တစ်ရပ်ကို နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုဖြင့် ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားရန် သဘောတူသည်။
- ပြည်ထောင်စုသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာတွင် လုံခြုံရေး ဆိုင်ရာပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်းစဉ်များ(NCA အပိုဒ် ၃၀ နှင့်အညီ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ဟန်ချက်ညီဖော်ဆောင်သွားရန် သဘောတူသည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

၂။ ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု နှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူ အခွင့်အရေး ရရှိစေရန်။

၃။ နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာသာသနာကို အလွဲသုံးစား မပြုရန်၊ နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်း မရှိသည့် နိုင်ငံတော်ကို ထူထောင်ရန်။

၄။ ငြိမ်းချမ်းရေးဆွေးနွေးဘက်များ အကြား ဝိဝါဒကွဲပြားမှုများကို ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်း ရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည် ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ရန်။

၅။ ဤသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန် ထားရှိသော ကတိကဝတ် များကို စောင့်ထိန်းရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းစသည့် နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်၊ ဖြစ်ထွန်းလာမည့် တိုးတက်မှု များကို တစ်ဖက်နှင့်တစ်ဖက် အခွင့်အရေးမယူဘဲ သဘောတူစာချုပ်ပါ ကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက် သွားရန်။

၆။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထု တစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ်လုံခြုံရေးနှင့် ပြည်သူလူထု၏ ဘဝမြှင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

၇။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် ပါရှိသည့် အချက်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရန် လိုအပ်နေသောအချက်များကို ဖော်ထုတ်ပြီး သက်ဆိုင်သည့် အစုအဖွဲ့များအကြား ဘုံတူညီသော နားလည်မှုများ၊ ဖွင့်ဆိုချက်များရရှိစေရေး အကျေအလည် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွား ရန်။

၈။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) တို့၏ အကောင်အထည်ဖော်ဆောင်ရွက် ချက်များကို သက်ဆိုင်ရာ ကော်မတီများအတွင်း ပြန်လည်ဆွေးနွေးပြီး ပိုမိုထိရောက်ခိုင်မာ စေရေးအတွက် နှစ်ဖက်ညှိနှိုင်းသဘောတူ ညီချက်ဖြင့် လိုအပ်သလိုဆောင်ရွက်ရန်။

၉။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသား လူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသား လက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံ တို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်။

**မှတ်ချက်။** ပြည်ထောင်စုလက္ခဏာ ဆိုသည်မှာ စည်းလုံးညီညွတ်သည့် တစ်ခုတည်းသော ပြည်ထောင်စု ဖြစ်သည်။

၁၀။ NCA ပါ နှစ်ဖက်တွေ့ဆုံဆွေးနွေးရန် လိုအပ်သည့်အချက်များကို နှစ်ဖက်တပ်များ တွေ့ဆုံ ဆွေးနွေး ညှိနှိုင်းသွားရန် သဘောတူသည်။

၁၁။ ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေး ဖော်ဆောင်ပေးနိုင်ရေးအတွက် ဒီမိုကရေစီနှင့် ဖက်ဒရယ် စနစ်တို့ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံမှ သဘောတူရရှိလာသည့် ၂၀၂၀ အလွန်အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများဖြင့် နှစ်ဖက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်သွားရန် သဘောတူသည်။

၁၂။ ပြည်ထောင်စုသဘောတူစာချုပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ်၏ မူလ သဘောတူညီချက်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ အခြေခံမူများ၊ ဦးတည်ချက်၊ ရည်ရွယ်ချက်များနှင့် သွေဖည်မှု မရှိစေရေးအတွက် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် NCA-S EAO တို့မှ တာဝန်ခံမှု၊ တာဝန်ယူ မှုရှိရှိဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရန်နှင့် ပြည်ထောင်စုသဘောတူစာချုပ် အကောင်အထည်ဖော်ရေးဆိုင်ရာ ယန္တရား တစ်ရပ်ကို နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုဖြင့် ဖွဲ့စည်း ဆောင်ရွက်သွားရန်။

- ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန်အတွက် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ် တို့ကိုအခြေခံ သော ပြည်ထောင်စုတွင် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း (NCA အပိုဒ် ၃၀ နှင့်အညီ) ကိစ္စရပ် များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင်ဆောင်ရွက်ဖွယ်ရာ များကို လုပ်ဆောင်ခြင်းနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်အတွက် ယန္တရား တစ်ရပ်ကို နှစ်ဖက်ညှိနှိုင်းသဘောတူညီမှုဖြင့် ဖွဲ့စည်း၍ အကောင်အထည်ဖော် ဆောင်ရွက် သွားရန် သဘောတူသည်။
- ပြည်ထောင်စုသဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာတွင် လုံခြုံရေး ဆိုင်ရာပြန်လည်ပေါင်းစည်း ခြင်းလုပ်ငန်းစဉ်များ(NCA အပိုဒ် ၃၀ နှင့်အညီ) အကောင်အထည်ဖော်ဆောင်ရွက်ခြင်းကို ဟန်ချက်ညီ ဖော်ဆောင်သွားရန် သဘောတူသည်။

၁၃။ ပြည်ထောင်စုသဘောတူစာချုပ်ပါ အချက်များကို အကောင်အထည်ဖော်ရာ တွင် လည်းကောင်း၊ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်း လုပ်ငန်းစဉ်များကို အကောင်အထည် ဖော်ရာတွင်လည်းကောင်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) အပိုဒ် ၂၀ ပါ နိုင်ငံရေးလမ်းပြမြေပုံ အတိုင်း ဆောင်ရွက်ရမည်။

၁၄။ NCA ပါ သဘောတူညီချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် NCA အရ တရားဝင် ဖွဲ့စည်းထားသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်နှင့် ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီတို့၏ ပုံမှန်အစည်းအဝေးများကို သတ်မှတ်ချက် အတိုင်း ကျင်းပပြုလုပ်ပြီးနှစ်ဖက်သဘောတူညီချက်များဖြင့် အကောင် အထည်ဖော်ဆောင်ရွက်ရန်နှင့် Bilateral အစည်းအဝေးများကိုလည်း Parallelပြုလုပ် ညှိနှိုင်း ဆွေးနွေးသွားရန် သဘောတူသည်။

၁၅။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် ရရှိသော သဘောတူညီချက် များကို အခြေခံ၍ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်အား UPDJC က လိုအပ်သလို ညှိနှိုင်း ပြင်ဆင်ရန် သဘောတူ သည်။

## ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၏ နောက်ဆက်တွဲ(ခ)

## အပိုင်း(၂)

## ၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ(ဇယား-၁)

## (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်)

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃)၏ နောက်ဆက်တွဲ(ခ)

အပိုင်း(၂)

၂၀၂၀ အလွန် အဆင့်လိုက်လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများ(ဇယား-၁)

(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်)

<table>
<tr><th rowspan="2">ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေး</th><th rowspan="2">ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာများ</th><th colspan="3">အကောင်အထည်ဖော်မှုအဆင့်များ</th></tr>
<tr><th>နိုင်ငံရေးအရ စေ့စပ်ညှိနှိုင်းမှု</th><th>နည်းပညာ ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု</th><th>အကောင် အထည်ဖော်မှု</th></tr>
<tr><td>(အဆင့်-၁)<br>ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုဆိုင်ရာ အခြေခံများ တည်ဆောက်ရေး</td><td rowspan="3">၁။ ဖက်ဒရယ် တည်ဆောက်ရေး<br>၂။ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲရေး<br>၃။ စီးပွားရေးနှင့် ဖွံ့ဖြိုးရေး<br>၄။ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ<br>၅။ မြေယာနှင့် သဘာဝပတ်ဝန်းကျင်<br>၆။ ဒီမိုကရေစီ တည်ဆောက်ရေး<br>၇။ လူမှုသဟဇာတ ဖြစ်ရေး<br>၈။ လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး<br>(NCA အပိုဒ် ၃၀ နှင့်အညီ)</td><td rowspan="3"></td><td rowspan="3"></td><td rowspan="3"></td></tr>
<tr><td>(အဆင့်-၂)<br>ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု ဖော်ဆောင်ရေး</td></tr>
<tr><td>(အဆင့်-၃)<br>ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု ခိုင်မာရေး</td></tr>
</table>

## အပိုင်း(၃)

## ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူများ

## (၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂၁ ရက်)

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ် အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု ၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အခွင့်အရေး များအာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံ ရေးဆွေးနွေးပွဲရလဒ်များမှ ရရှိလာသော အောက်ပါလမ်းညွှန် အခြေခံမူများနှင့်အညီ တည်ဆောက်သွားမည်ဖြစ် သည်။

၁။ နိုင်ငံတော်ကို ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုအဖြစ် ဖွဲ့စည်းရမည်။

၂။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အကြားတွင် သော်လည်းကောင်း၊ တိုင်းဒေသ ကြီး/ ပြည်နယ် အချင်းချင်းအကြားတွင် သော်လည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်း ပွားမှုများကိုဖြေရှင်းရန် အတွက် သီးခြားလွတ်လပ်သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကို ထူထောင်ထားရှိရမည်။

၃။ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား ဖက်ဒရယ်စနစ်နှင့်အညီ အာဏာခွဲဝေမှု၊ သယံဇာတခွဲဝေမှု၊ အခွန်အကောက်ခွဲဝေမှုနှင့် ဘဏ္ဍာရေးခွဲဝေမှု ရှိရမည်။

- နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မ(၃)ဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး နှင့် တရားစီရင်ရေး အာဏာ(၃)ရပ်ကို ပြည်ထောင်စု၊ တိုင်းဒေသကြီး/ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများသို့ ခွဲဝေအပ်နှင်းမည်။ ပြည်ထောင်စု၊ တိုင်း ဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများအကြား ဥပဒေပြုရေး ဆိုင်ရာအာဏာများနှင့် ပူးတွဲအာဏာများကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းပေးရမည်။
- ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်များသည် ခွဲဝေထားသော ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးအာဏာများကို ကျင့်သုံးပိုင်ခွင့် ရှိရမည်။

၄။ တိုင်းဒေသကြီး/ ပြည်နယ်အားလုံးသည် အချင်းချင်း လေးစားမှုရှိပြီး အခွင့်အာဏာ တန်းတူရှိရမည်။

၅။ နိုင်ငံသားတိုင်းအတွက် မူလအခွင့်အရေးများ (Fundamental Rights)နှင့် တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရေးဆွဲပြဋ္ဌာန်းရမည်။ နိုင်ငံသားတိုင်းသည် ဥပဒေအရာတွင် တန်းတူညီမျှအခွင့်အရေး ရှိရမည်ဖြစ်ပြီး ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ ရယူပိုင်ခွင့်ရှိရမည်။ တိုင်းရင်းသားလူမျိုးများ၏ယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကား၊ ကိုးကွယ်ယုံကြည်မှုနှင့် ဓလေ့ထုံးတမ်းစသည့် အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် ဥပဒေပြဋ္ဌာန်း ပေးရမည်။

**မှတ်ချက်**။ တိုင်းဒေသကြီး/ပြည်နယ်များသည် အခွင့်အာဏာတန်းတူရှိရမည်။ အမည်နာမ သတ်မှတ်ချက်နှင့်ပတ်သက်၍ နောင်တွင် ဆက်လက်ဆွေးနွေးမည်။

**မိုငြမ်းကိုးကား။** ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှ ဆုံးဖြတ်ချက်